ဒူးပလာယာခရိုင်မှဒေသခံကရင်ရွာသားများအသံ
နိုဝင်ဘာလ(၆)ရက်၊ ၂၀၁၂ခုနှစ်

**ဒေသခံကရင်ရွာသားများမှမြန်မာအစိုးရအားKNUနှင့်ငြိမ်းချမ်းရေးတည်ဆောက်နေစဉ်ကာလအတွင်းကြီးမားသည့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏အစီအစဉ်ကိုပြန်လည်သုံးသပ်ရန်နှင့်ရပ်ဆိုင်းထားရန်တိုက်တွန်းခြင်း**

မြန်မာအစိုးရသည်ငြိမ်းချမ်းရေးမဟာဗျူဟာကိုအသုံးချပြီးစီးပွားရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ကိုသာ တည်ဆောက်လို၍နိုင်ငံရေးပြသနာဖြေရှင်းနိုင်ရန်ထက်စီးပွားရေးအစီအစဉ်များကိုသာ လုပ်ဆောင်နေကြောင်းတွေ့ ရှိရပါသည်။အကြောင်းမှာမြန်မာ အစိုးရသည်တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့်KNUအပါအဝင်ငြိမ်းချမ်းရေးတည်ဆောက်ရန်ဆွေးနွေးမှုများ၌ဖွံ့ ဖြိုးရေး၊စီးပွားရေးနှင့် ပတ်သက်သောခိုင် မာရှင်လင်းသည့်ဥပဒေများမရှိသောကြောင့်မိမိဒေသခံရွာသားများမှအလွန်စိုးရိမ်ရပါသည်။

ထိုသို့ စိုးရိမ်ရသောကြောင့်အောက် တိုဘာလ(၂၆)ရက်နေ့မှ(၂၈)ရက်နေ့အထိ၊ ကရင်ပြည်နယ် ၊ကြာအင်းဆိပ်ကြီးမြို့ နယ်တနေရာတွင်ကျေးရွာ ပေါင်း(၂၇)ရွာမှဒီမိုက ရေစီနည်းကျရွေးကောက် တင် မြှောက်ခြင်းခံရ သောကျေးရွာဖွံ့ ဖြိုးရေးစီမံကိန်းကော်မတီများ အပါအဝင်ကျေးရွာကိုယ် စား ပြု ကိုယ်စားလှယ်စုစုပေါင်း(၁၀၀)ကျော်တို့ သည် ဒေသခံလူဦးရေ(၁၅၀၀၀)တစ်သောင်းငါးထောင်ကိုကိုယ်စားပြု သည့်လူထုဆုံရပ်တွင်တွေ့ ဆုံဆွေးနွေးခဲ့ကြသည်၊ဤ တွေ့ဆုံဆွေးနွေးပွဲ၌ လက်ရှိကရင်အမျိုးသား အစည်းအရုံးနှင့်မြန်မာအစိုးရအကြားညှိနှိုင်းဆောင်ရွက်နေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

“လူထုဆုံရပ်ကိုစီစဉ်ဆောင်ရွက်သည့်လူမှုအဖွဲ့ အစည်းများ၏ရည်ရွယ်ချက်မှာ လက်ရှိ(KNUနှင့်မြန်မာအစိုးရ)တို့၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ဒေသခံကရင်လူထုများမှလွတ်လပ်စွာ ထင်မြင်ပြောဆို တင်ပြနိုင်ရန်နှင့်သက်ဆိုင်ရာနိုင်ငံတော်အကြီးအကဲများ၊တာဝန်ရှိသူများထံသို့ တင်ပြနိုင်ရန် ရည်ရွယ်ခြင်းဖြစ် ပါသည်” ဟုဆုံရပ်အစီ*အစဉ်၌ပါဝင်သူတဦး (*__စောလူဘာမှူး__ *မှပြောပါသည်)*

လွန်ခဲ့သည့်နှစ်အနည်းငယ်ကာလမှာစီးပွားရေးနှင့်ဖွံ့ ဖြိုးရေးစီမံကိန်းကြီးများ သည်ကရင်ပြည်နယ်နှင့်ကရင်လူမျိုးအများစုနေထိုင်ရာဒေသများ၌မြန်မာအစိုးရမှစီမံချက်ချမှတ်ပြီးကြီးမားသည့်ငွေကြေး ရင်းနှီးမြှုပ်နှံမှုများရှိခဲ့ပါသည်။

လူထုဆုံရပ်သို့ တက်ရောက်လာကြသည့်ရွာသားများ သည်(မြန်မာအစိုးရ နှင့်ကေအန်ယူ) သို့ အကြံပြုတင်ပြခဲ့သည်မှာစစ်မှန်သည့်ငြိမ်းချမ်းရေးအစီအစဉ်ဖြစ်အောင်ဒီထက်ကောင်းမွန်သည့်ဆောင်ရွက်ချက်များပြုလုပ်ရန်လိုအပ်ပြီးလူမှုအခြေခံအဖွဲ့ အစည်းများ၊ ဒေသခံရွာသားတို့၏ အသံနှင့်ပူးပေါင်း ပါဝင်မှုကို

လက်ခံရယူ၍လူထုအားလုံးအတွက်အကျိုးဖြစ်ထွန်းနိုင်သောငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်ရန်အဆိုပြုကြပါသည်။

“စစ်မှန်သည့်ငြိမ်းချမ်းရေးတည်ဆောက်ရာ၌သော်လည်းကောင်းဖွံ့ ဖြိုးရေးစီမံကိန်းလုပ်ငန်း စဉ်များတွင်သော်လည်း ကောင်းတည်တန့် ခိုင်မြဲသည့်အကျိုးရလဒ်များရှိစေ ရန်(မြန်မာအစိုး ရနှင့်ကေအန်ယူ)နှစ်ဦး နှစ်ဘက်တို့ သည်လူထုလူတန်းစားတို့၏ပါဝင်ဆုံးဖြတ်နိုင်သည့် အစီအစဉ်လမ်းကြောင်း နှင့်လုပ်ပိုင် ခွင့် များကိုခွင့်ပြုပေးရပါမည်” *ဟုဆုံရပ်အစီအစဉ်၌ပါဝင်သူ(***စောလူဘာမူး** *မှပြောပါသည်)*

ထိုင်းမြန်မာနယ်စပ်ကူညီစောင့်ရှောက်ရေးညွန့် ပေါင်းအဖွဲ့ TBBCမှ အသင်းဝင်များတို့ ၏ မြို့နယ် (၂၁) မြို့ နယ်မှအိမ်ထောင်စု (၄၀၀၀) ကိုအခြေခံပြီးစစ်တန်းကောက်ခံခဲ့သည် စာရင်း အရ မြန်မာနိုင်ငံအရှေ့ဘက်ခြမ်းတ ခုလုံး၏ဆင်းရဲမွဲတေ မှုအခြေအနေ အထူး သဖြင့်ကျေး လက်ဒေသများမှ အိမ် ထောင်စု(၅၉%)ခန့်မှာ ဆင်းရဲမွဲတေ မှုကို အမြင့်ဆုံး အခြေအ နေ၌ကြုံတွေ့ ခံစား နေရကြောင်း အထောက်အထားများနှင့်တကွကရင်ပြည်နယ် မြောက်ဘက် ဒေသ များ၌ကျယ်ကျယ်ပျံ့ ပျံ့နှင့် လူ့ အခွင့် အရေးချိုးဖေါက်မှုများကြီးကြီးမားမားရှိနေသည်ကိုတွေ့ ရှိရပါသည်။

ယခုပြုလုပ်သည့်လူထုဆုံရပ်ဆွေးနွေးပွဲသည်ဒုတိယအကြိမ်ဖြစ်ပြီးဒေသခံလူမှုအဖွဲ့ အစည်းများ နှင့်ဒေ သခံရပ်ရွာ အသင်းအဖွဲ့ များမှစီစဉ်ပြုလုပ်ကြ၍ နှီးနှောဖလှယ်ပွဲ တရပ်ဖြစ် ပေါ်စေရန် နှင့်ပြီးခဲ့ သည့် မေလ(၁၀)ရက် ၂၀၁၂မှပြုခဲ့သည့်(ဖါဖွန်ခရိုင်)မှပထမအကြိမ်လူထုဆုံရပ်အပေါ်မှာအခြေခံ၍ပြုလုပ်ခဲ့ခြင်း လည်းဖြစ်ပါသည်။

၄င်းလူထုဆုံရပ်တိုင်းသို့ တက်ရောက်လာသည့်ကိုယ်စားလှယ်များမှာတောင်ပေါ်မြေပြန့်ဒေသတို့ ၌နေထိုင်ကြသော တောင်သူလယ်သမားများ လူထုလူတန်းစားများ တို့ နှင့်ဒေသခံလူမှု အသင်းအဖွဲ့ များဖြစ်ကြပါသည်နှင့်အညီဆွေးနွေးခဲ့ကြသည့် အကြောင်းခံများမှာလည်း လက်ရှိဖြစ်ပေါ်နေသောငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်ဖွံ့ ဖြိုးရေးစီမံကိန်းများ၏မိမိတို့ ကျေးလက်ဒေသသို့ ထိခိုက်ခံစားရ မည့်ကောင်းကျိုးဆိုးကျိုးများအတွက်တွေ့ကြုံခံစားခဲ့ရဘူးသည့်အတွေ့အကြုံများကိုဆွေးနွေးဖလှယ်ကြပါသည်။

<u>ငြိမ်းချမ်းရေးလုပ်ငန်းစဉ်</u>

၁) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် စစ်မှန်ပြီးပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိနိုင်ရမည်။

၂) ကျေးရွာလူထုများ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းမှု ပြန်လည်လုပ်ကိုင် ဆောင်ရွက်နိုင်ရန် ကျေး ရွာများ အတွင်းသော်လည်းကောင်း၊ လူထုမှသွားလာရာဖွေလုပ်ကိုင်စားသောက် သည့်နေရာများ တွင် သော် လည်းကောင်း၊ ချ ထား သည့် အစိုးရစစ်တပ်စခန်းများရုပ်သိမ်းပေးရမည်။

၃) ကျေးရွာလူထုများလွတ်လွတ်လပ်လပ်သွားလာနိုင်ရန်အတွက်နယ်မြေဒေသများအတွင်းရှိမြေမြုပ်မိုင်းများအားလုံး ဖယ်ရှားပေးရမည်။

၄) အဓမ္မလုပ်အားပေးခိုင်းစေမှုအမျိုးမျိုးနှင့်တရားမဝင်အခွန်ကောက်ခံမှုများနှင့်ပြည်သူလူထုထံ မှပုံစံမျိုးစုံဖြင့်တရားမဝင်ငွေကြေးကောက်ခံခြင်းများအားရပ်တန့်ရန်နှင့် ဥပဒေနှင့်အညီပြည် သူ လူထုမြေယာ ပိုင်ဆိုင် ခွင့်နှင့်လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့်ကို ပြဋ္ဌာန်းပြီးအာမခံပေးမှုရှိရမည်။

၅) ပြည်တွင်းအခြေမဲ့ပြည်သူများမှ၄င်းတို ့၏ဆန္ဒမပါဘဲ ယခင်နေထိုင်သည့်နေရာဒေသများအတွင်း မြန်မာစစ်တပ်များနှင့်မြေမြုပ်မိုင်းများရှင်းလင်းဖယ်ရှားခြင်းများဆောင် ရွက် ပြီး စီးမှုမရှိသ ၍ ၄င်း တို့ အား အ ဓမ္မ ပြန် လည်ပို့ ဆောင်ခြင်းမပြုရန်။

၆) ပြည်တွင်းအခြေမဲ့ပြည်သူများတို ့၏နေရပ်သို ့ပြန်လည်အခြေချနေထိုင်ရန်နှင့်၄င်းတို ့ ၏ လူမှုဘ ဝပြန် လည်ထူထောင်ရန်အစီအစဉ်လုပ်ငန်းများ၌ ကရင်လူမှုအဖွဲ ့အစည်းများအပါ အဝင် ကျေး ရွာ ပြည်သူများပါဝင်နိုင်ရမည့်အပြင်အမျိုးသမီးများနှင့်ကလေးများအတွက်အကာအကွယ်ပေးခြင်း နှင့်လူမှုအကူအညီအ ထူးစီမံဆောင် ရွက်ပေးမှုများပြုလုပ်ရ မည်။

၇) ကရင့်အမျိုးသားအစည်းအရုံးနှင့်နိုင်ငံ တော်အစိုးရတို ့၏ငြိမ်းချမ်းရေးဖေါ်ဆောင် မှုတွင်သက်သေ အဖြစ်ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့ အ စည်း မှ စောင့် ကြည့်လေ့လာရေး အဖွဲ့ များ ပါ ဝင် ခွင့် ပြု ရမည်။

၈) ကရင်ပြည်နယ်နှင့် ပြည်ထောင်စု အ တွင်းရှိ ကရင်လူမျိုး အများ စုနေထိုင်ရာ မြို့ များ နှင့် ကျေး ရွာ များအတွင်းရှိ အစိုး ရစာသင်ကျောင်းများတွင် ကရင်စာပေကို တရား ဝင် ဘာသာ ရပ် တစ် ခု အဖြစ်သင်ကြာ းခွင့် ပြု ရမည်။

<u>ဖွံ့ဖြိုးရေးစီမံကိန်းများ</u>

၁)ငြိမ်းချမ်းရေးဆွေးနွေးစဉ်ကာလအတွင်း အကြီးစားဖွံ့ ဖြိုးရေးစီမံကိန်းကြီးများကိုရပ်ဆိုင်းထားပြီးတိကျခိုင် မာသည့်စီးပွားရေးမူပေါ်လစီများကိုချမှတ်ထားပြီးလူထုကိုအကာအကွယ်ပေးသည့်စီးပွာရေးဥပဒေတရပ်ကို အလျင်ဆုံးပြုလုပ်ရမည့်အပြင်သဘာဝနှင့်လူ ့ အရင်းအမြစ်များကိုထိခိုက်လာမည့် အကာအကွယ်ပေးနိုင် သည့် အာမခံချက်ရှိတဲ့နည်းဥပဒေများချမှတ်ထားရမည်။

၂)ဖွံ့ ဖြိုးရေးစီမံကိန်းကြီးများနှင့် ကြီးမားသည့်ငွေကြေးရင်းနှီးမြုတ်နှံမည်ဆိုပါ ကတိကျခိုင်မာ သောစီးပွား ရေးပေါ်လစီကိုအခြေခံပြီးလူထုအတွက်အကျိုးရှိသည့်ရေရှည်တည်တံ့သောအကာအကွယ်ပေးသည့်ဥပဒေ တိတိကျကျရှိရမည်။

၃)အကြီးစားဖွံ့ ဖြိုးရေး စီမံကိန်း များ ဆောင်ရွက်မည်ဆိုပါကအောက် ဖေါ်ပြ ပါ အချက်များကို အာမခံ ချက် ပေး နိုင် မည့် အခြေခံဥပဒေဆိုင်ရာပြဌာန်းချက်များနှင့် မူ ပေါ်လစီများထားရှိရမည်။

- ပြည်သူလူထုမှစီမံကိန်းဆိုင်ရာ စီမံ ချက် များနှင့်ပါတ်သက်သည့် အချက် အလက်များ အား လုံး ကို လုံ လောက်စွာသိရှိရမည်။
- စီမံကိန်းမစတင်မှီ စီမံကိန်း နှင့်ပတ် သက်၍ ပွင့်လင်းမြင်သာမှုရှိပြီး အမျိုး သမီးများနှင့် ခလေး များအ ပေါ်ထိခိုက်နစ်နာမှုများပါဝင်သည့် သ ဘာဝပတ် ဝန်းကျင် နှင့် လူမှု ရေး ဆိုင်ရာ ထိ ခိုက်နစ်နာမှုများအတွက် သီးခြားလွတ်လပ်သည့် ကြို တင် အကဲ ဖြတ်လေ့လာဆန်း စစ်မှုများ ပြုလုပ် ရ မည်။

- မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းများမဆို ဒေသခံလူထုများလွတ်လပ်စွာ ပူးပေါင်း ပါဝင်နိုင်ရမည်ဖြစ်ပြီး၊ ဖွံ့ဖြိုးရေးစီမံကိန်းများသည်လည်း ဒေသခံလူထုများ ၏ ယဉ် ကျေးမှု၊ နှင့်လယ်ယာ မြေများ ပိုင်ဆိုင်မှုကိုထိခိုက် ပျက်စီးမှုမဖြစ်စေရပါ။
- ဘိုး ဘွား ပိုင် အမွေအ နှစ်များမ ဆုံးရှုံး စေဘဲ ဆက်လက်ထိန်းသိမ်း ထားနိုင် ရန် အာမခံပေးခြင်းရှိရမည်။
- စီမံကိန်းများကြောင့်ထိခိုက်နစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါကထိခိုက်ခံရသည့်ဒေသခံပြည်သူများမှသ ဘော တူ ကျေနပ်ပြီး ထိုက်တန်သည့်လျော် ကြေး ငွေများရရှိစေရမည်။
- ထိခိုက်နစ်နာမှုခံရသောပြည်သူများမိမိတို့ ၏အခွင့်အရေးအတွက်အကါအ ကွယ် ပေးနိုင်သော တရားရုံးသို့တင်ပြနိုင်သည့် အခွင့် အ လမ်း များ ထားရှိပေးရမည်။

<u>လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ</u>

၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ငွေကြေးရံပုံငွေနှင့် လုပ်ငန်းစဉ် အဆင့်ဆင့် တိုင်းတွင်ရပ်ရွာလူ ထုနှင့် လူထုအ ခြေပြုအဖွဲ့အစည်းများမှ အကောင်အ ထည် ဖေါ်ဆောင် ရွက်ထားသည့် လုပ်ငန်း အစီ အစဉ်များကို အားပေးကူညီထောက် ကူ သွား ရမည်။

၂) လူသားချင်းစာနာထောက်ထားမှုအကူအညီ အားလုံးသည် လူထု၏ လိုအပ်ချက် အပေါ်အခြေခံပြီး ၎င်းတို့၏ဂုဏ်သိက္ခာကို ငြိုးနွမ်းစေမည့်နိုင်ငံရေး အရအ မြတ်ထုတ် မှုတစုံတရာနှင့် ကင်း လွတ်ရမည်။

**ဆက်သွယ်ရန်**

**စောဖိုးချို** ဖုန်း – ၀၈၂၈၉၄၁၁၉၄

**စောလူဘာမှူး** ဖုန်း – ၀၈၉၄၃၀၇၂၇၈

**စောထူးခလီ** ဖုန်း– ၀၈၆၁၉၁၂၁၆၅


People Forum